

# ကျော်အောင်

# သင်၏သစ္စာမရှိသော

# ဘာသာပြန်သူ၏ အမှာ . . . မှ ။

"…. ငါ ပညတ်သည် ကား ကိလေသာစိတ်နှင့် သူ့မယားကို ကြည့်ရှုသောသူသည် စိတ်နှလုံးထဲ၌ ထိုမိန်းမနှင့် ပြစ်မှားပြီ။"

-ရှင်မဿဲ ၅။ ၂၈။

"တပည့်တော်တို့ ကလည်း လင်မယား အမှုသည် ဤသို့ဖြစ်လျှင် စုံဖက်ခြင်းကို မပြုကောင်းပါ" ဟု လျှောက်ကြ၏။ ကိုယ်တော်ကလည်း ထိုစကားကို လူတိုင်း မခံယူနိုင်။ အခွင့်ရသော သူတို့ သာ ခံယူနိုင်ကြ၏။ လူအချို့တို့ သည် အမိဝမ်းတွင်းကပင် သင်းကွပ် ဖြစ်ကြ၏။ အချို့တို့ သည် သူတစ်ပါး ဆုံးမ၍ သင်းကွပ် ဖြစ်ကြ၏။ အချို့တို့ သည် ကောင်းကင်နိုင်ငံတော်အဖို့ အလို့ ငှာ မိမိကိုယ်ကို ဆုံးမ၍ သင်းကွပ် ဖြစ်ကြ၏။ ထိုစကားကို ခံယူနိုင်သောသူသည် ခံယူစေဟု မိန့်တော်မူ၏။

ရှင်မဿဲ ၁၉၊ ၁၀၊ ၁၁၊ ၁၂။

"သူ့ဇာတ်ဆောင် ပေ့ါဇညီရှက်သည် လိင်ဆက်ဆံရေးကိုအချစ်တွင် အရင်းမတည်။ အလိုဆန္ဒတွင် သာ အရင်းတည်သူ ဖြစ်သည် ။ မိန်းမ ဟူသည် ယောက်ျားတို့ ကာမဆန္ဒ ပြေငြိမ်းအောင် ဖြေဖျော်ရာ သတ္တဝါတစ်ကောင်ဟု သာ ယူဆသည် ။ ရှုရှား အထက်တန်းလွှာတွင် အိမ်ထောင်မှုဆက်ဆံရေးသည် အရောင်းအဝယ်သဘော တစ်ခုသာဟု ယူဆသည် ။ မိန်းမသားများ သည် ဘဝတည်မြဲရေးအတွက် သူတို့ ခန္ဓာကိုယ်ကို ရောင်းကုန်သဖွယ် အရင်းအနှီးပြုကြသည် ။

ကာလသားရောဂါ ရနိုင်သည့် ပြည့်တန်ဆာနှင့် ကာမဆက်ဆံမှုပြုရမည့်အစား အထက်လွှာက မိန်းမတစ်ယောက်နှင့် ဆက်ဆံရခြင်းကမှ ရောဂါကင်းသေးသည် ဟု ယူဆကာ အိမ်ထောင်ပြု လက်ထပ်ကြသည် ။ ဤသည် တို့ မှာ တော်လစတွိုင်း၏ ဇာတ်ဆောင် ဖြစ်သည့် ပေါ့ဇညီရှက်၏ အယူအဆတို့ ဖြစ်သည် ။ သူ့အိမ်ထောင်ရေးသည် အဆင်မပြေ ဖြစ်လာသည် ။ အယူအဆချင်း မတိုက်ဆိုင် ဖြစ်လာသည် ။ ထိုအခါ ပေါ့ဇညီရှက်သည် မယားကို အပြစ်ရှာလာသည် ။ မကြာခဏ ရန်ဖြစ်သည် ။ သဝန်တိုလာသည် ။ နောက်ဆုံးတွင် မယားကို ဂီတဆရာ တစ်ယောက်နှင့် မသကာဖြစ်ကာ ကိုယ်တိုင်ပင် သတ်လိုက်သည် ။

**ဘာသာပြန်သူ၏ အမှာ . . . မှ ။**

* * *

# ကျော်အောင် (၁၉၂၇ - ၂၀၀၀)

ပခုက္ကူမြို့ ပေါင်းလောင်းရှင်ရပ် အဖဦးကြင်မောင်၊ အမိ ဒေါ်တင်မြင့်တို့ က ၁၉၂၇ ခုနှစ် ဖေဖော်ဝါရီလ ၂၈ ရက်နေ့တွင် မွေးဖွားသည် ။ ငယ်မည်မှာ အောင်ကြည်၊ အမည်ရင်း ဦးကျော်အောင် ဖြစ်သည် ။

ငါးနှစ် အရွယ်မှ ရှစ်တန်း အောင်သည် အထိပခုက္ကူမြို့ ဝက်စလီကျောင်းတွင် ပညာသင်ကြားသည် ။ ၁၉၄၆ တွင် တက္ကသိုလ်ဝင်စာမေးပွဲ အောင်သည် ။ ၁၉၅၄ တွင် ရန်ကုန်တက္ကသိုလ်က ဝိဇ္ဇာဘွဲ့ ရရှိသည် ။

၁၉၄၄ တွင် ဗမာ့တပ်မတော်သို့ ဝင်သည် ။ ပဋ္ဌမပတ် ဗိုလ်သင်တန်း တက်သည် ။ ၁၉၄၅ ခု ဖက်ဆစ်တော်လှန်ရေးတွင် တိုင်း (၁) ၁၀၃ တပ်ရင်း၌ ပါဝင် တိုက်ခိုက်ခဲ့သည် ။ ပခုက္ကူခရိုင် ပြည်သူ့ရဲဘော်အဖွဲ့ အတွင်းရေးမှူး (၁၉၄၆)၊ ဗမာနိုင်ငံလုံးဆိုင်ရာ ကျောင်းသားသမဂ္ဂ အမှုဆောင် (၁၉၄၇ – ၄၉)၊ စာပေသစ်မဂ္ဂဇင်း အယ်ဒီတာအဖွဲ့ဝင် (၁၉၅၀)၊ မြန်မာ–ဆိုဗီယက် ယဉ်ကျေးမှုအသင်း၏ အတွင်းရေးမှူး (၁၉၅၂ – ၅၃)၊ တက္ကသိုလ် ဘာသာပြန်ဌာန (၁၉၅၅ – ၅၆)၊ သမိုင်းကော်မရှင် (၁၉၅၆– ၅၇)တက္ကသိုလ်ဘာသာပြန်နှင့်စာအုပ်ထုတ်ဝေရေးဌာန(၁၉၅၇ -၈၇) တို့ တွင် တာဝန်ထမ်းဆောင်ခဲ့သည် ။ မြန်မာနိုင်ငံ စာပေနှင့်

စာနယ်ဇင်းအဖွဲ့ ဥက္ကဋ္ဌ (၂၂၊ ၆၊ ၉၈ မှ ၁၃၊ ၂၊ ၂၀၀၀ ထိ) ဆောင်ရွက်ခဲ့သည် ။

၁၉၄၇ တွင် ပြည်သူ့ရဲဘော်ဂျာနယ်၌ စာ စတင်ရေးသည် ။ ပင်ကိုရေးဝတ္ထုများ တွင် နိဗ္ဗာန်ဘုံ ပျောက်ဆုံးခြင်း၊အနီထဲက ကြယ်ဖြူပွင့် နှင့် သမဂ္ဂအလံတော်အောက်ဝယ်တို့ သည် လည်းကောင်း၊ ဘာသာပြန်ဝတ္ထုများ တွင် အမှောင်ခေတ်က ချစ်သူများ ၊ နှလုံးလှဆရာဝန်၊မြန်မာပြည်လွတ်လပ်ရေးတိုက်ပွဲ (၂၀၁၁)၊ ငန်းရိုင်းများ (၂၀၁၂) တို့ သည် လည်းကောင်း၊ ခရီးသွားမှတ်တမ်း အဖြစ် ဓားလွတ်ကိုင် ဆာမူရိုင်း၏ ကိုကာကိုလာ ယဉ်ကျေးမှုနှင့် ဟောင်ကောင်နွေဦးညများ သည် လည်းကောင်း ကျမ်းစာအုပ်များ တွင် ကမ္ဘာ့ဂန္တဝင် တစ်ဆယ် နှင့် ကမ္ဘာကျော် စာအုပ် ၁၀၀ (ညွန့်ကြူး၊ မင်းကျော်တို့ နှင့် ပူးတွဲ ရေး) တို့ သည် လည်းကောင်း ထင်ရှားသည် ။ တောရိုင်းမြေ {၁၉၆၇ အမျိုးသားစာပေဆု (ဘာသာပြန်)}၊ အရေးကြီးပြီ သွေးစည်းကြစို့ (၁၉၇၁ အမျိုးသားစာပေဆု (ဝတ္ထုရှည်)၊ ဆို ဂျေရုဆလင် {၁၉၉၅ အမျိုးသားစာပေဆု (ဘာသာပြန်၊ သုတ)}၊ နေဝင်ဘုရင်များ [၁၉၉၈ အမျိုးသား စာပေဆု (ဘာသာပြန်၊ သုတ)] ရရှိခဲ့သည် ။ ၁၉၈၆ တွင် နိုင်ငံ့ဂုဏ်ရည် ဒုတိယအဆင့်၊ ၁၉၉၉ ခုနှစ် စက်တင်ဘာ ၂၇ တွင် အရှေ့တောင်အာရှ စာပေဆု (S.E.A Writers Award) ချီးမြှင့် ခံရသည် ။

၂၀၀၀ ပြည့်နှစ် ဖေဖော်ဝါရီလ ၁၃ ရက် ညနေ ၄ နာရီတွင် ရန်ကုန်မြို့၌ ကွယ်လွန်သည် ။

* * *

# ဘာသာပြန်သူ၏ အမှာ

သင်၏ သစ္စာမရှိသောသည် တော်လစတွိုင်း၏ ခရုဇာဆိုနာတာကို မြန်မာပြန်ထားခြင်း ဖြစ်ပါသည် ။ မူလဝတ္ထု၏ နာမည်မှာ ကမ္ဘာကျော် ဂီတပညာရှင် ဗေထိုးဗင်၏ တေးသွားတစ်ခု၏ နာမည်ဖြစ်ပါသည် ။ တယောနှင့် စန္ဒရား တွဲဖက်တီးရသည့် ထိုတေးသွားမှာ လည်း ဂီတလောကတွင် ထင်ရှားကျော်ကြားပါသည် ။ ယင်းသည် အမြူးအကြွ အလှုပ်အရှားကို ဖော်ကျူးသည့် ဂီတတစ်ခု ဖြစ်သည် ဟု ဆိုပါသည် ။ သင်၏ သစ္စာမရှိသောတွင် လင်ရှိမယားကို ကြာခိုသော ဂီတဆရာသည် ခရုဇာဆိုနာတာ တေးသွားကို ဂီတဆည်းဆာတွင် တီးမှုတ်ပါသည် ။ တော်လစတွိုင်းက ဤတေးဂီတကို သူ့ဝတ္ထု၏ နာမည် ပေးလိုက်ပါသည် ။

သင်၏ သစ္စာမရှိသော ကို ၁၈၈၉ တွင် တော်လစတွိုင်း ရေးခဲ့ပါသည် ။ ထိုကာလ မတိုင်မီ ဆယ်နှစ်ခန့်လောက်ကပင် တော်လစတွိုင်း၏ ဘဝတွင် အပြောင်းအလဲကြီး တစ်ခုနှင့် ကြုံခဲ့ရပါသည် ။ ယင်းမှာ သူသည် အကျင့်သီလအားဖြင့် တင်းကျပ်သော ခရစ်ယာန် အယူဝါဒတစ်ခုကို သူ့ဘာသာသူ ထူထောင်ခြင်း ဖြစ်ပါသည် ။ စည်းကမ်းကြီးသော အယူဝါဒကို ထူထောင်ရာတွင် သူသည် လက်ရှိဘဝကို မကျေနပ်ကြောင်းပြကာ တစ်ကိုယ်တော် ခြိုးခြံရေးအကျင့်ကို ကိုင်စွဲလိုက်ပြီးဖြစ်ကြောင်း လူသိရှင်ကြား ကြေညာပါသည် ။ သူသည် ထင်ရှားသောအနုပညာရှင်

ဖြစ်ပါသည် ။ သူ၏ အနုပညာ အစွမ်းပကားသည် အလွန်ကြီးမားပါသည် ။ ယင်းစွမ်းပကားကို အနုပညာအတွက် မဟုတ်တော့ဘဲ ဘာသာအယူဝါဒ တစ်ခုအတွက် အသုံးချတော့မည်ဟု သူ ရည်ရွယ်ဟန် တူပါသည် ။ သို့ဖြစ်ရာ သူသည် ထိုကာလမှ စ၍ ဝတ္ထုရေးဆရာ မဟုတ်တော့ပြီ။ ဘာသာအယူဝါဒတစ်ခု၏ ခေါင်းဆောင်တစ်ယောက် ဖြစ်ပြီဟု သူ့ကိုယ်သူ ယူဆထားပါသည် ။ သို့တိုင်အောင် သူ၏ စာဖတ်ပရိသတ်က သူ့ကို လူ့ဘဝ အတွေ့အကြုံများ စွာ ရှိသည့် စာရေးဆရာတစ်ယောက် အဖြစ်သာ အသိအမှတ်ပြုကြပါသည် ။ သူသည် သူ၏ ဝတ္ထုများမှ တစ်ဆင့် သူယုံကြည်သော ဘာသာအယူဝါဒတစ်ခုခု သို့မဟုတ် အကျင့်တစ်ခုခုကို ဟောပြောနိုင်လိမ့်မည်ဟု ယုံကြည်ရင်း ရှိနေပါသည် ။ ထိုဆန္ဒကား ပျောက်ကွယ်မသွားပါ။

သင်၏ သစ္စာမရှိသောသည် သူယုံကြည်သော အယူဝါဒ တစ်ခုကို တင်ပြရာ ဝတ္ထုတစ်ပုဒ်ပင် ဖြစ်ပါသည် ။

ဤဝတ္ထု၏ ဦးတည်ချက်မှာ ဤသို့ ဖြစ်ပါသည် ။

လူသည် ဇာတိစိတ်အားဖြင့် ယုတ်ညံ့သည် ။ တိရစ္ဆာန်စိတ်ရှိသည် ။ အလိုရမ္မက်ကြီးသည် ။ လောဘကြီးသည် ။ တဏှာကောင်တစ်ယောက် ဖြစ်သည် ။ လူသည် ယနေ့တိုင် မိမိ အလိုဆန္ဒနောက်သို့ ကောက်ကောက်ပါအောင် လိုက်နေသည့် အဟိတ်တိရစ္ဆာန်သာဖြစ်သည် ။ မိမိကိုယ်မိမိ ထိန်းချုပ်နိုင်ခြင်း မရှိသေးသမျှ ဤလူ့လောကကြီးသည် ငြိမ်းချမ်းသာယာမှု မရနိုင်။

တော်လစတွိုင်းသည် ဤအယူအဆကို ဆုပ်ကိုင်ပြီးနောက် ယနေ့ လူတို့ ကျင့်သုံးနေကြသည့် လိင်ဆက်ဆံရေး၊

လင်မယားအရာမြောက်သည့် လက်ထပ်ထိမ်းမြားခြင်း စသည် တို့ ကို ပြင်းပြင်းထန်ထန် ဆန့်ကျင်တိုက်ခိုက်ပါသည် ။ မိန်းမနှင့် ယောကျ်ား အကြင်လင်မယား အဖြစ် အိုးအိမ်ထူထောင်ကြရာတွင် "အချစ်" ဆိုသည် မှာ အဓိက မဟုတ်။ ကာမတဏှာသာလျှင် အဓိက ဖြစ်သည် ။ လိင်ဆက်ဆံရေးသာလျှင် လင်မယားအရာတွင် သရဖူဆောင်းသည် ။ ကာမအလိုဆန္ဒသာလျှင် အရေးကြီးသည် ။ အချစ်စစ် အချစ်မှန်ဆိုသည် ယနေ့လောကတွင် မရှိဟု တင်ပြသည် ။ ဤအယူအဆကို တော်လစတွိုင်းသည် စွဲစွဲမြဲမြဲ ဆုပ်ကိုင်သည် ။ သူ့ကို ဘယ်သူမျှ ချေချွတ်၍ မရ။ သူ့အယူအဆကို ဇာတ်လမ်း ဇာတ်ကွက် ဆင်ကာ ဆယ့်ကိုးရာစု ရုရှားပညာတတ် အိမ်ထောင်ရှင်များကို ဇာတ်ဆောင်အဖြစ် ဖန်တီးပြီး စာဖတ်သူ ယုံကြည်လာအောင် တင်ပြသည် ။

ဘုရားသခင်က လူကို ဖန်ဆင်းသည် ။ မူလက လူသည် ယုတ်ညံ့သည် ။ ဘဝတွင် ရုန်းကန်လှုပ်ရှားရင်း အတွေ့အကြုံများက သင်ကြားလာသဖြင့် ယုတ်ညံ့သည့်စိတ်ကို အောင်နိုင်ကာ အကျင့်တရား အရာတွင် စံနမူနာယူရသော လူသား ဖြစ်လာမည်။ ဤသည် မှာ လူကိုဖန်ဆင်းသည့် ဘုရားသခင်၏ မူလရည်ရွယ်ချက် ဖြစ်သည် ဟု တော်လစတွိုင်းက ယုံကြည်သည် ။ ထိုအခါ လူသည် လောဘ ဒေါသ ထူပြောခြင်း၊ အလိုရမ္မက်ကြီးခြင်း၊ ကာမတဏှာ ဆန္ဒလွန်ကဲခြင်းတို့ မှ ကင်းဝေးလာမည်ဟု ယုံကြည်သည် ။ ဘုရားသခင်၏ အလိုဆန္ဒသည် လည်း ပြည့်ဝလာလိမ့်မည်။ ယခုမူ လူသည် ဘုရားသခင်၏ မူလအလိုတော်နှင့် ဆန့်ကျင်ဘက် ဖြစ်နေသည် ။

ဤဦးတည်ချက်ကို ရည်ရွယ်ကာ တော်လစတွိုင်းသည် သင်၏ သစ္စာမရှိသောကို ဇာတ်လမ်းဆင်၍ ဖန်တီးခဲ့ခြင်း ဖြစ်ပါသည် ။

သူ့ဇာတ်ဆောင် ပေါ့ဇညီရှက်သည် လိင်ဆက်ဆံရေးကို အချစ်တွင် အရင်းမတည်။ အလိုဆန္ဒတွင် သာ အရင်းတည်သူ ဖြစ်သည် ။ မိန်းမဟူသည် ယောက်ျားတို့ ကာမဆန္ဒ ပြေငြိမ်းအောင် ဖြေဖျော်ရာ သတ္တဝါတစ်ကောင်ဟု သာ ယူဆသည် ။ ရုရှားအထက်တန်းလွှာတွင် အိမ်ထောင်မှုဆက်ဆံရေးသည် အရောင်းအဝယ်သဘောတစ်ခုသာဟု ယူဆသည် ။ မိန်းမသားများ သည် ဘဝတည်မြဲရေးအတွက် သူတို့ ခန္ဓာကိုယ်ကို ရောင်းကုန်သဖွယ် အရင်းအနှီး ပြုကြသည် ။ ကာလသားရောဂါ ရနိုင်သည့် ပြည့်တန်ဆာနှင့် ကာမဆက်ဆံမှု ပြုရမည့်အစား အထက်လွှာက မိန်းမတစ်ယောက်နှင့် ဆက်ဆံရခြင်းကမှ ရောဂါကင်းသေးသည် ဟု ယူဆကာ အိမ်ထောင်ပြု လက်ထပ်ကြသည် ။ ဤသည် တို့ မှာ တော်လစတွိုင်း၏ ဇာတ်ဆောင်ဖြစ်သည့် ပေါ့ဇညီရှက်၏ အယူအဆတို့ ဖြစ်သည် ။ သူ့ အိမ်ထောင်ရေးသည် အဆင်မပြေ ဖြစ်လာသည် ။ အယူအဆချင်း မတိုက်ဆိုင် ဖြစ်လာသည် ။ ထိုအခါ ပေါ့ဇညီရှက်သည် မယားကို အပြစ်ရှာလာသည် ။ မကြာခဏ ရန်ဖြစ်သည် ။ သဝန်တိုလာသည် ။ နောက်ဆုံးတွင် မယားကို ဂီတဆရာတစ်ယောက်နှင့် မသင်္ကာ ဖြစ်ကာ ကိုယ်တိုင်ပင် သတ်လိုက်သည် ။

မယားသတ်ခန်း ရောက်အောင် သယ်လာသည့် ဇာတ်လမ်းမှာ အထွတ်အထိပ်သို့ ရောက်လာသည် ။ ဤတွင် တော်လစတွိုင်း၏ အနုပညာ စွမ်းပကားသည် အလွန်ကြီးမားသည် ဟု ဝေဖန်ရေးဆရာတို့ က ဝန်ခံထားကြသည် ။

တော်လစတွိုင်းသည် ဤဝတ္ထုဖြင့် သူ့အယူဝါဒသစ်ကို တင်ပြရန် ကြိုးစားသည် ။ ဤဝတ္ထုပါ သူ့အယူအဆကို ယနေ့ လက်မခံကြ။ ဤဝတ္ထု ထွက်ပြီးနောက် သူ့ဆီသို့ စာအတန်တန်ရေးကာ

ကန့်ကွက်ကြသည် ။ လူသည် သူတင်ပြသလို တဏှာကျွန်သက်သက် မဟုတ်ဟု ခုခံပြောဆိုကြသည် ။ ထို့ပြင် မိန်းမများကို တော်လစတွိုင်းက တိရစ္ဆာန်သာသာ သဘောထားသည် ကိုလည်း ကန့်ကွက်ကြသည် ။ ဤဝတ္ထုတွင် တစ်စိတ်တစ်ဒေသအားဖြင့် တော်လစတွိုင်းနှင့် သူ့ဇနီးတို့ ၏ အတွေ့အကြုံကို တစ်ဆင့် တင်ပြထားသည် ဟူ၍ လည်း အချို့က ယူဆကြသည် ။

မည်သို့ဖြစ်စေစာဖတ်ပရိသတ်ကမူသူ၏ အကျင့်တရားအတွက်လျှောက်လဲချက်ထက်သူ့အနုပညာစွမ်းပကားကို ပို၍ လေးစားကြသည် ။ ဤ သင်၏ သစ္စာမရှိသောကို တင်ပြသည့် တော်လစတွိုင်း၏ မူလရည်ရွယ်ချက်မှာ လူကျင့်တရားကို ဦးတည်ဟောပြောရန်ပင် ဖြစ်သည် ။ သူ၏ အနုပညာကို ခုတုံးပြုကာ အယူဝါဒသစ်ကိုဝါဒဖြန့်ခြင်းက မအောင်မြင်ဘဲ သူ့အနုပညာကသာ အောင်မြင်သည် ဟု ယူဆကြပါသည် ။

ဤသည် မှာ သင်၏ သစ္စာမရှိသောနှင့်ပတ်သက်၍ အမြွက်အားဖြင့် တင်ပြလိုက်ခြင်း ဖြစ်ပါသည် ။

ဤမျှသာ စကားဦး သန်းလိုပါသည် ။ ဤသည် မှာ ဘာသာပြန်သူ ဉာဏ်မီသမျှ တင်ပြထားခြင်းသာ ဖြစ်ပါသည် ။ ဝတ္ထုကို ဖတ်ရှုကာ အကျော်အမော်ဝတ္ထုရေးဆရာကြီး တော်လစတွိုင်း၏ အနုပညာစွမ်းပကားကို ကြိုက်နှစ်သက်သလို ခံစားကြပါကုန်။

ကျော်အောင်

၃-၁-၇၇

* * *